ရှင်ယောဟန်
ဩဝါဒစာတတိယစောင်။

1 အသက်ကြီး သူ သည်ချစ် အပ်သော ဂါယု ကို
ကြားလိုက်၏။ ငါ သည်သင်၌ မှန်ကန် သောချစ် ခြင်း
မေတ္တာရှိ၏။
2 အချင်းချစ်သူ ၊ သင် ၏စိတ် နှလုံးသည် ကောင်းစား
သကဲ့သို့ ၊ သင် သည်အရာရာ ၌ကောင်းစား ခြင်းနှင့်
ကျန်းမာ ခြင်းရှိမည်အကြောင်း
ငါဆုတောင်း ၏။
3 သင် သည်သမ္မာတရား ၌
ကျင်လည် သည်အတိုင်း
သင် ၌ရှိသောသမ္မာတရား ၏အကြောင်းကို ညီအစ်ကို
တို့သည်လာ ၍
သက်သေခံ ကြ သောအခါ ၊ ငါ သည် အလွန်
ဝမ်းမြောက် ခြင်းရှိ၏။
4 ငါ ၏သားသမီး တို့သည် သမ္မာတရား
၌
ကျင်လည် သည်ကို ငါကြား ၍ ဝမ်းမြောက် ခြင်းထက်
သာ၍
ဝမ်းမြောက်ခြင်းမ ရှိ ။

5 အချင်းချစ်သူ ၊ သင်သည်ညီအစ်ကို တို့အားရင်း၊ အာဂန္တု
တို့အားရင်း ပြု သမျှသောဝတ်တို့ကို သစ္စာ
နှင့်အညီပြု တတ်၏။
6 ထိုသူ တို့သည် သင် ၏ချစ် ခြင်းမေတ္တာအကြောင်း
ကို အသင်းတော် ရှေ့ ၌ သက်သေခံ ကြ၏။ သင်သည်
ထိုသူ တို့ကို ဘုရားသခင် ၏ အလိုတော်နှင့်အညီပို့ လိုက်
ပြန်လျှင်၊ ကောင်း သောအမှုကိုပြု လိမ့်မည်။
7 အကြောင်းမူကား ၊ ထိုသူတို့သည် နာမ
တော်ကိုထောက် ၍၊ သာသနာပ
လူတို့တွင်
အလျှ မ ခံဘဲသွား ကြ၏။
8 ငါ တို့သည် သမ္မာတရား
ကို ကူမ
သောသူ ဖြစ် အံ့သောဌာ ၊ ထိုသို့သော
သူတို့အား ဧည့်သည် ဝတ်ကို ပြုအပ် ကြ၏။
9 အသင်းတော် ထံသို့မှာစာကိုငါရေး ၍ ပေးလိုက်လေ
ပြီ။ သို့သော်လည်း ၊ အကဲအမှူး လုပ်ချင်သော ဒယောတ
ရပ် သည် ငါ တို့အားအခွင့် မ ပေး။
10 ထိုကြောင့် ၊ ငါလာ သောအခါ သူသည် မိမိပြု သော
အမှု ကို မိမိ
သတိရ စေခြင်းဌာငါပြုမည်။ ထိုသူ သည်၊ ငြူစူ သော
စကား နှင့် ငါ တို့ကို ကဲ့ရဲ့

သည်သာမက ၊ ကဲ့ရဲ့
ခြင်းနှင့်
စိတ် မ ပြေဘဲလျက်၊ ညီအစ်ကို တို့ကို ကိုယ်တိုင် လက်
မ ခံ၊ လက်ခံ ချင်သောသူ တို့ကိုလည်း
မြစ်တား ၍ ၊ အသင်းတော် ထဲက နှင်ထုတ် တတ်၏။
11 အချင်းချစ်သူ ၊ မကောင်း သောနည်းကို မ
လိုက် နှင့်၊ ကောင်း သောနည်းကိုသာ လိုက်လော့။
ကောင်းသောအကျင့်ကို ကျင့် သောသူ သည် ဘုရားသခင်
နှင့်စပ်ဆိုင် ၏ ။ မကောင်းသောအကျင့်ကို ကျင့် သောသူ
မူကား၊ ဘုရားသခင် ကို မ
သိ မမြင်ရပြီ။
12 လူအပေါင်း တို့သည် ဒေမေတရိ
၏ သက်သေ ဖြစ်ကြ၏။ သမ္မာတရား
သည်လည်း
သူ ၏ သက်သေဖြစ်၏။ ငါ တို့သည်လည်း
ထိုသူဘက်၌ သက်သေခံ ကြ၏။ ငါ တို့၏ သက်သေခံ
ခြင်းသည် ဟုတ် မှန် သည်ကို သင်တို့ သိ ကြ၏။
13 ငါ ရေး စရာအကြောင်းအများ ရှိသော်လည်း ၊ မှင်
နှင့်
မှင်တံ ဖြင့်
ရေး ခြင်းငှာအလို မ ရှိ၊
14 မ ကြာမမြင့်မီသင့် ကို ငါတွေ့မြင် လျှင်
အချင်းချင်း နှုတ်ဆက်၍ စကားပြော မည် ဟု

မြော်လင့် လျက် နေ၏။ သင် ၌ငြိမ်သက် ခြင်းရှိပါစေ သော။ အဆွေ တို့သည် သင့် ကို နှုတ်ဆက် ကြ၏။ သင်၌ရှိသောအဆွေ တို့၏ နာမည် ကို ထုတ် ၍နှုတ်ဆက် လော့။

မြန်မာကျမ်းစာ

The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-07-28

PDF generated using Haiola and XeLaTeX on 1 Oct 2024 from source files dated 14 Aug 2024
5602fb7e-6c4f-5434-acb0-8e67903ea45f